လက်ပံကျွန်းကျေးရွာ

ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လက်ပံကျွန်းကျေးရွာ၊ ပခုက္ကူမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ မတ် လ

CamScanner

## မာတိကာ


မာတိကာ ၁

စကားချီး ၄

လက်ပံကျွန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပခုက္ကူမြို့နယ် ၅

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၆

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၆
- (က) ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက်
- (ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၇
- (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
- (ခ ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၇
- (က) လူဦးရေဆိုင်ရာ အချက်လက်များ
- (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
- (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
- (ဃ) ကျန်းမာရေး နှင့် အာဟာရ
- (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
- (စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၀
- (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
- (ခ) သီးနှံ၊ သားငါး ထုတ်လုပ်မှု
- (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
- (ဃ) ပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု
- (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
- (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
- (ဆ) လူငယ်နှင့် ယဉ်ကျေးမှု
- (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
- (ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၁၃
- (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ
- (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ ၁၄

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၅
- (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း
- (ခ) လက်ပံကျွန်းကျေးရွာအဝင်လမ်းအား ကွန်ကရစ်လမ်းခင်းနိုင်ရေး
- (ဂ) ၂၀၁၈-၂၀၁၉ ခု ပညာသင်နှစ်တွင် ကျောင်းဆရာ/ဆရာမရရှိရန်ဆောင်ရွက်ခြင်း
- (ဃ) စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက်ရန်နှင့် တောင်သူပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း

(င) အိမ်တွင်းမှုသင်တန်းကျောင်းနှင့် ဆက်သွယ်ဆောင်ရွက်ရန်
(စ) ကျေးလက်ဆေးပေးခန်းတည်ဆောက်နိုင်ရေးဆောင်ရွက်ခြင်း
၈။ စီမံကိန်းစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၆
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၁၉
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၀
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ နှင့် ငွေကြေးဆိုင်ရာ အစီအမံများ
၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၂
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာနေအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်း အထိ)** ၅၇



CamScanner

**စကားချီး**

ပထမဦးစွာ ကျွန်ုပ်တို့ လက်ပံကျွန်းကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာ (VDP)ကျေးရွာအဖြစ် ရွေးချယ်ပေးပါသော သက်ဆိုင်ရာ လူကြီးမင်းများ နှင့် (VDP) ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် လက်ပံကျွန်းကျေးရွာသူ/သားများအားလုံးပါဝင်၍ ကျေးရွာတွင် ရင်ဆိုင်နေရသည့် အဓိက အခက်အခဲ ပြဿနာများကို ဖော်ထုတ်ခဲ့ကြပြီး ဆက်လက်လုပ်ဆောင်ရမည့် အစီအစဉ်များကိုလည်း ရေးဆွဲခဲ့ကြပါသည်။ ကျေးရွာ၏ အဓိကအခက်အခဲဖြစ်နေသော ကျေးရွာအဝင်လမ်းအား ကွန်ကရစ်လမ်းခင်းရန် ပထမဦးစားပေးအနေဖြင့် ကျေးရွာလူထုမှ ရွေးချယ်ခဲ့ပြီး ကွန်ကရစ်လမ်းဖြစ်မြောက်ရေးအတွက် နည်းပညာဆိုင်ရာ ပူးပေါင်းပါဝင်ကူညီမည့် ကျေးလက်ဝန်ထမ်းများနှင့် ကျေးရွာ၏ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်စစ်တမ်းများကို အသေးစိတ်ကောက်ယူပေးခဲ့သော ကျေးလက်ဝန်ထမ်းများအား ကျေးဇူးအထူးပင်တင်ရှိပါသည်။ ရရှိလာသော ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များကို စီမံကိန်းရေးဆွဲရေး အထောက်အကူပြုဇယားတွင် ရေးသွင်းခြင်းဖြင့် ဖွံ့ဖြိုးရေးအမြင်များကိုလည်း သိမြင်လာရပါသည်။ ယခင်နှစ်များက မိမိတို့ နားမလည်ခဲ့သည့် အတွေ့အကြုံများကို ယခုနှစ်တွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဂန်ထမ်းများက နားလည်သဘောပေါက်အောင် ရှင်းလင်းသင်ကြားပို့ချခဲ့ပါသဖြင့် ကျွန်ုပ်တို့ကျေးရွာသူ/သားများသည် မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျေးရွာလူထုသည်သာ အဓိကပဓာနကျကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုသည်မှာ မိမိတို့ကျေးလက်နေပြည်သူများ၏ ဘဝနှင့် ဆိုင်သောကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်ထားသော အချိန်ကာလအတွင်း ငွေအင်အား၊ လူအင်အား၊ စက်ယန္တရားအင်အားများ ပါဂင်၍ ဆောင်ရွက်ရသော စီမံကိန်းဖြစ်ကြောင်းကိုလည်း နားလည်သဘောပေါက်လာခဲ့ပါသည်။

ဤစီမံချက် လုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်း တိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါရှိသော ဦးစားပေးစီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးကူညီမှုများ ရရှိနိုင်ရေး တင်ပြတောင်းခံသွားမည့်အပြင် မိမိတို့ကျေးရွာ အနေဖြင့်လည်း တက်နိုင်သမျှ ငွေအား၊ လုပ်အားစုဆောင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးရွာမှ နောင် အနာဂတ်တွင်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုများကို ဆန်းစစ်သုံးသပ် အကဲဖြတ်ပေး နိုင်ရေးအတွက် နည်းပညာပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။ ဤစီမံချက်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါမည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့် တို့ကို အဓိက ဖော်ပြ ထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

မတ် လ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လက်ပံကျွန်းကျေးရွာ
ပခုက္ကူမြို့နယ်



CamScanner

## လက်ပံကျွန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပခုက္ကူမြို့နယ်





CamScanner

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤမှတ်တမ်းပါ အကြောင်းအရာ အချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏ လိုအပ်ချက်များနှင့် ဖြေရှင်းမည့်နည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေမှုများကို သေသေချာချာနားလည်သဘောပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသော အဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များမှ ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ/သားများကိုယ်တိုင် တတ်သိနားလည်သူများနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များ၊ အခြားအဖွဲ့အစည်းများနှင့် လည်းကောင်း ပိုမို၍ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်းဖြစ်ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင် မည့်လမ်း ကြောင်းများကိုလည်းဖော်ပြထားပါသည်။

ယခုကဲ့သို့ ကျေးရွာသူ/သားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆုံးဖြတ်ခဲ့ကြပါသောကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးကို အများအယွင်းနည်းစွာဖြင့် ရေရှည်/တိုမှာပါ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း အဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ် သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။



CamScanner

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကာလတစ်ခုအတွင်း၌သာ ကျေးရွာဒေသခံများ တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် ပံ့ပိုးကူညီထောက်ပံ့မှုများကိုသာ အခြေခံကာ ဆောင်ရွက်ခဲ့ပါသည်။ ယခုဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ မိမိတို့ယခင်က ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကဲ့သို့ ပိုမိုကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြော်အမြင်များဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

ကျေးလက်ပြည်သူလူထုအားလုံး ဦးဆောင်ပါဝင်သည့် လုပ်ငန်းအစီအစဉ်ဖြစ်သောကြောင့် ဆင်းရဲချမ်းသာမရွေး အလွှာပေါင်းစုံ ပါဝင်ခွင့်ရရှိသော ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိဆောင်ရွက်ခြင်း ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ပါဝင်ဦးစားပေး ရွေးချယ်ဆောင်ရွက်ထားခြင်းဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုး ကူညီပေးရာ ရောက်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ငွေကြေး၊ နည်းပညာနှင့် ပစ္စည်းအခက်အခဲများရှိနေသော်လည်း လက်တွေ့ ဆောင်ရွက်ရာ၌ ကျေးရွာဖွံ့ဖြိုးရေး အဓိကလိုအပ်ချက်များကိုသာ ဦးစားပေးစီမံကိန်းများအဖြစ် ရွေးချယ်သွားပါမည်။ ကျေးရွာဒေသခံများ၏ အသိပညာစွမ်းဆောင်နိုင်မှုဗဟုသုတနှင့် လိုအပ်သော အရင်းအနှီးများပေါ် မူတည်၍ စီမံချက်လုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်သွားပါမည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

လက်ပံကျွန်းကျေးရွာသည် ဧရာဝတီမြစ် မြောက်ဘက်ခြမ်းတွင်တည်ရှိပြီး ပခုက္ကူမြို့နှင့် (၁၈) မိုင်ကွာဝေးပါသည်။ကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျပန်းလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပါသည်။ မြစ်ကမ်းပါးနှင့်နီးသည့်အတွက် ရေကြီး ရေလွှမ်းမှုဒဏ်ကို နှစ်စဉ်နှစ်တိုင်းခံစားရပါသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု အများဆုံးခံစားခဲ့ရပါသည်။ ကျေးရွာတစ်ရွာလုံးနီးပါး မြစ်ကမ်းဘေးပတ်လည်တွင် နေထိုင်ကြရပါသည်။ ကျေးရွာတစ်ရွာလုံးနီးပါး မြေနိမ့်ပိုင်းတွင် နေထိုင်ကြရပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကိုင်း၊ ကျွန်းမြေများသည် ယခင်က (၅၇၃) ဧက ရှိသော်လည်း ယခုမှု ကမ်းပါးပြိုသဖြင့် (၁၇၀)ဧကသာ ကျန်ရှိပါသည်။ လက်ပံကျွန်းကျေးရွာတွင် လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ ဓနိတောမြေနှင့် စားကျက်မြေများ မရှိပါ ။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက (၁၇၀) သာရှိပြီး မြေပဲ၊ ငရုပ်၊ ပြောင်းဖူး စသည့် သီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။ ယာမြေ၊ တောင်ယာမြေ နှင့် ကိုင်း၊ ကျွန်းမြေရှိ မြေဆီလွှာမှာ အသင့်အတင့်ကောင်းပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

အိမ်ထောင်စုပေါင်း (၂၀၇)စု ရှိပြီး ရွှေ့ပြောင်းသွားလာသည့်အိမ်ထောင်စုများသောကြောင့် ယခုအခါကျေးရွာတွင် (၁၉၁)အိမ်ထောင်စုသာရှိပြီး ကျား(၃၉၁)ဦး၊ မ (၄၄၁)ဦးဖြင့် လူဦးရေပေါင်း (၈၃၂) ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄.၃)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်နှုန်း (၅)ဦးထက်လျော့နည်းသည်။

လူတစ်ဦးနှစ်ဦးသာ ဖြစ်ပွားပါသည်။ သွေးတိုးရောဂါဖြစ်ပွားမှု များပြားသည်။ ဝက်သက်ရောဂါမှာ ပြာသိုလတွင် အဖြစ်များသည်ကို တွေ့ရှိရပါသည်။ အဆုတ်၊ အသဲရောင်အသားဝါရောဂါ၊ ပိုလီယိုရောဂါ ဖြစ်ပွားသူ တစ်ဦးနှစ်ဦးသာ ရှိပါသည်။ လက်ပံကျွန်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ဆေးပေးခန်းရှိသော ကူကျွန်းကျေးရွာနှင့် (၁)မိုင် ကွာဝေးပါသည်။ ကျေးလက်ဆေးပေးခန်းတွင် ကုတင်တစ်လုံးရှိပြီး ကျေးရွာနှင့် (၃)မိုင် ကွာဝေးသော ဘဲကြီးကျေးရွာတွင် ကုတင်(၄)လုံး၊ အခန်း(၃)ခန်း ရှိသည်ကို တွေ့ရှိရပါသည်။ တိုက်နယ်ဆေးရုံနှင့် လက်ပံကျွန်းကျေးရွာမှာ (၁၀)မိုင်ကွာဝေးပြီး အခန်း၊ ကုတင်လုံလောက်မှု ရှိပါသည်။ ပခုက္ကူမြို့နယ်ဆေးရုံနှင့် (၁၈)မိုင် ကွာဝေးပြီး အခန်း၊ ကုတင်လုံလောက်မှုရှိပါသည်။ ရွာတွင်း (သို့) ရွာအနီးအနားတွင် ဆေးဆိုင်မရှိပါ။ တုံကင်တွင်းများအား မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဝေငှသော သောက်ရေသန့်ဆေးခတ်၍ အသုံးပြုသည့်အတွက် မည်သည့်ရောဂါမှ မဖြစ်ပွားသော်လည်း ရေကြီးရေလျှံဖြစ်သည့် အချိန်တွင် ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်ရောဂါ ဖြစ်ပွားမှု အသင့်အတင့် ရှိပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် အသင့်အတင့် များပြားသည်။ လက်ပံကျွန်းကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းကျောင်းရှိပြီး ကျောင်းဆရာ၊ ဆရာမ လုံလောက်မှု မရှိပါ။ အလယ်တန်းကျောင်းဆောင်မှာ နှစ်ကာလကြာမြင့်သည့်အတွက် အမိုးအကာများ ပျက်စီးယိုယွင်းနေပါသည်။ အလယ်တန်းကျောင်းဆောင်တွင် စာသင်ခုံ လုံလောက်မှု မရှိပါ။ ကျောင်းဝန်း၏ စတုရန်းပေမှာ (၂၅၃၀၀)ပေ ရှိပါသည်။ မူလတန်းကျောင်းဆောင်မှာ အလျား(၁၀၀')၊ အနံ(၃၀')၊ အမြင့်(၁၈') တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အလယ်တန်းကျောင်းဆောင်မှာ အလျား(၇၀')၊ အနံ(၂၄')၊ အမြင့်(၂၀') ရှိသည့် တစ်ထပ်ဆောင်ဖြစ်ပါသည်။ ရွာတွင်း၌ စာသင်ကျောင်းရှိသဖြင့် ကျောင်းသူ/သားများ သွားလာရေး အဆင်ပြေပါသည်။ အထက်တန်းကျောင်းသူ/သားများသည် ကျေးရွာနှင့် (၄)မိုင် ကွာဝေးသော နန်းတော်ရပ်ကျောင်းသို့ သွားရောက်ပညာသင်ကြရပါသည်။ ကျေးရွာနှင့် (၃)မိုင် ကွာဝေးသော ဘဲကြီးကျောင်းသို့လည်း သွားရောက်ပညာသင်ကြားကြပါသည်။ နန်းတော်ရပ်ကျောင်းတက်သော ကျောင်းသား/သူများသည် ဘော်ဒါဆောင်တွင် နေထိုင်ကြပြီး ဘဲကြီးကျေးရွာတွင် သွားရောက်ပညာသင်သော အထက်တန်းကျောင်းသား/သူများသည် စက်ဘီး၊ ခြေလျင်ဖြင့် သွားရောက်၍ ပညာသင်ကြားကြပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျနေဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းများ နည်းပါးဆဲဖြစ်ပါသည်။

## (စ) ကျား၊ မ ဆိုင်ရာဆက်နွယ်မှု

လက်ပံကျွန်းကျေးရွာတွင် ကျား ၊ မ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြပြီး ကျားမနေ့စားလုပ်အားခ ကွဲပြားသည်ကို တွေ့ရှိရပါသည်။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု၊ ခေါင်းဆောင်မှုအသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု အသင့်အတင့်ရှိပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများနှင့် ပတ်သက်၍ လူထု၏ အသိအမြင် မရှိပါ။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းနှင့် အလယ်တန်းအဆင့်မှ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းသော်လည်း အထက်တန်းအဆင့်တွင် မိန်းကလေး အရေအတွက်သည် ကျားအရေအတွက်ထက် ပိုများနေပါသည်။ တက္ကသိုလ်အဆင့်တွင် အမျိုးသမီးအရေ အတွက်နှင့် အမျိုးသားအရေအတွက် တန်းတူညီမျှမှု ရှိသည့်အတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အမျိုးသမီးများ အခွင့်အရေးမှာ အတူတူပင်ဖြစ်သည်။



CS CamScanner

ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၇၈%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၄.၅%) မျှ ပိုများပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

လက်ပံကျွန်းကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၅၉) သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စု အဆင့် အဖြစ်ခံယူကြပြီး (၇) သည် ချမ်းသာသည့်အဆင့်၊ (၃၄) သည် အလယ်အလတ်အဆင့်ရှိကြသည်ဟုသတ်မှတ်ကြသည်။ ချမ်းသာသောအိမ်ထောင်စု (၁၄)စု၏ မြေဧက ပိုင်ဆိုင်မှုမှာ အနည်းဆုံး (၂)ဧကနှင့် အများဆုံး (၁၀)ဧက ပိုင်ဆိုင်ပြီး ရေတွင်းတစ်တွင်း၊ ယင်လုံအိမ်သာတစ်လုံး၊ ရေကန်တစ်ကန်၊ လှေတစ်စင်း၊ စက်ဘီးတစ်စီး၊ ဆိုင်ကယ်တစ်စင်းစီ ပိုင်ဆိုင်ကြပါသည်။နွားပိုင်ဆိုင်မှုမှာ အနည်းဆုံး (၂)ကောင်နှင့် အများဆုံး(၇)ကောင် ပိုင်ဆိုင်ကြပါသည်။ အိမ်ထောင်စု (၄) စုမှာ ရေစုပ်စက်ပိုင်ဆိုင်ကြပြီး အိမ်ထောင်စု တစ်စုမှာ ထွန်စက်ပိုင်ဆိုင်ပါသည်။ ကားပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ တစ်စုသာရှိပြီး ချမ်းသာသောအိမ်ထောင်စုတိုင်းတွင် ဖုန်း(၁)လုံး၊ ရေဒီယို(၁)လုံး၊ တီဗွီ(၁)လုံးစီ ပိုင်ဆိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုတွင် ကျွန်းမြေ (၃)ဧက ရှိသော်လည်း စိုက်ပျိုးရန် အရင်းအနှီးမရှိသည့်အတွက် နှစ်ကြေချထားပြီး (၁)နှစ်ပတ်လုံး စိုက်သည့် သီးနှံ (၁) မျိုးသာ ရှိပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုမှာ မိမိကိုယ်တိုင်ရှာဖွေစားသောက်နိုင်မှုမပြုလုပ်နိုင်သော သက်ကြီးရွယ်အိုအိမ်ထောင်စုအများဆုံးဖြစ်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာမှဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%) ဖြစ်သော (၃၇)စုကို လေ့လာ ဆန်းစစ်မှုအရ ယင်းတို့၏ (၃)လ အောက် ဝမ်းစာဖူလုံမှု (၁၅)အိမ်ထောင်စုရှိပြီး (၃)လနှင့် (၆)လကြားဝမ်းစာဖူလုံသည့် အိမ်ထောင်စု (၁၃) စု ရှိပါသည်။ (၆)လမှ (၁၂)လအထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စု (၉)အိမ်ထောင်စုရှိပါသည်။ (၃)လအောက်ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စုများနှင့် (၃)လနှင့် (၆)လကြား ဝမ်းစာဖူလုံသည့် အိမ်ထောင်စုနှင့် (၆)လမှ (၁၂)လ အထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စုများအား ဆွေမျိုးသားချင်းများနှင့် ငွေကြေးတတ်နိုင်သူများမှ ထောက်ပံ့ထားပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုတွင် လူဦးရေ အနည်းဆုံး (၄)ဦး၊ အများဆုံး (၇)ဦး ရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို၊ တစ်ခုလပ်အိမ်ထောင်စုတွင် လူဦးရေအနည်းဆုံး (၄)ဦး၊ အများဆုံး(၁၀)ဦးရှိပါသည်။ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင် လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စုတွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၈)စုရှိပြီး အမျိုးသားဦးဆောင်သည့် အိမ်ထောင်စု(၂၂)စု ရှိပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ တစ်နှစ်ပတ်လုံး (၁)သိန်းကျပ်မှ (၃)သိန်းကျပ်အထိ တင်ရှိနေကြပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုတွင် ကိုင်း၊ ကျွန်းမြေများ ကမ်းပါးပြိုသဖြင့် တစ်မြို့တစ်ရွာသို့ သွားရောက်၍ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ကြရပါသည်။ ရေကြီးရေလျှံဖြစ်သည့်အချိန်အခါတွင် ရေဘေးနှင့် လွတ်ရာသို့ ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများပြားပါသည်။ တစ်ရွာလုံးနီးပါး မြစ်ကမ်းဘေးပတ်လည်တွင် နေထိုင်ကြရပါသည်။ ကျေးရွာ တစ်ရွာလုံးနီးပါး မြေနိမ့်ပိုင်းတွင် နေထိုင်ကြရပါသည်။ အိမ်ထောင်စု(၁၉)စုအား မဲစနစ်ဖြင့် ကျွန်းမြေ(၃)ဧက စီ ဝေငှပေးထားသော်လည်း ကမ်းပါးပြိုသဖြင့် (၁၇၀)ဧကခန့်သာ ကျန်ရှိပါသည်။ လက်လုပ်လက်စား ကျပန်း လုပ်သား များပြားသည်ကို တွေ့ရှိရပါသည်။ ကိုရီးယား၊ မလေးရှား၊ ရန်ကုန်၊ မန္တလေး၊ ညောင်ဦးမြို့များသို့ အလုပ်သွားရောက်လုပ်ကိုင်ကြရပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

လက်ပံကျွန်းကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။ သွေးလွန်တုပ်ကွေးရောဂါများသည် ရာသီအကူးအပြောင်းတွင် အဖြစ်များပါသည်။ ငှက်ဖျားရောဂါမဖြစ်ပွားပါ။ ဆီးချိုနှင့် တီဘီရောဂါမှာ

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်သော ရေကော်မတီ၊ လမ်းကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ပုညသဟာရသက်ကြီးပူဇော်အသင်းရှိပြီး ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဝတ်အသင်းရှိပါသည်။ Pact Myanmar ဟုခေါ်သော စီးပွားရေးဆိုင်ရာ အဖွဲ့(၁)ဖွဲ့ ရှိပါသည်။ လူမှုရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်သော ပုညသဟာရအသင်းကို ကျေးရွာရှိ လူငယ်လူလတ်ပိုင်းများဖြင့် ဖွဲ့စည်းထားပြီး အသက်(၇၀)ကျော်သက်ကြီးရွယ်အိုများကို နှစ်စဉ် သီတင်းကျွတ်လတိုင်း တစ်ဦးလျှင် ဆေးဝါးနှင့် ငွေကြေးများဖြင့် ပူဇော်ကန်တော့ကြပါသည်။ ဝတ်အသင်း၊ လမ်းကော်မတီ၊ ပုညသဟာရ သက်ကြီးပူဇော်အသင်း၏ လုပ်ဆောင်ချက်များမှာ တက်ကြွကောင်းမွန်ပြီး ကျန်အဖွဲ့အစည်းများမှာ အသင့်အတင့် ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်မှု

ကိုင်း၊ ကျွန်းမြေများသည် ယခင်က (၅၇၃)ဧက ရှိသော်လည်း ယခုမှု ကမ်းပါးပြိုသဖြင့် (၁၇၀)ဧကသာ ကျန်ရှိပါသည်။ ကျေးရွာတွင် မြေပဲ၊ ငရုပ်၊ စီပီပြောင်းဖူးကို အဓိကထား စိုက်ပျိုးကြပါသည်။ ငရုပ်၊ မြေပဲ၊ စီပီပြောင်းဖူးကို စနစ်တကျ ထွန်ယက်စိုက်ပျိုး၍ သီးထပ်စိုက်ပျိုးပါသည်။ စိုက်ပျိုးရေးဦးစီးဌာန နှင့် စိုက်ပျိုးရေးကုမ္ပဏီများမှ ကူညီပံ့ပိုးမှုများမရှိပါ။ အလုပ်သမား ရှားပါးမှု မရှိပါ။ ယခုနှစ်တွင် တောင်သူများသည် မိုးရွာသွန်းမှု၊ မညီမျှမှုဒဏ်ကို ရင်ဆိုင်နေရပါသည်။ မြေပဲနှင့် ငရုပ်စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းအဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေး နည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် နွားမွေးသူအိမ်ထောင်စု အရေအတွက်မှာ (၉၇)အိမ်ထောင်စု ရှိပြီး ဒေသထွက် နွားမျိုးများကို မွေးမြူပြီး ကောင်ရေ(၂၈၉)ကောင် ရှိပါသည်။ မြင်းမွေးသည့် အိမ်ထောင်စုအရေအတွက်မှာ (၆) အိမ်ထောင်စုရှိပြီး ဒေသထွက်မြင်းများကို မွေးမြူကြပြီး ကောင်ရေ(၉)ကောင် ရှိပါသည်။ ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု (၄)စုရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြပြီး ကောင်ရေ(၁၁)ကောင် ရှိပါသည်။ ကြက်မွေးသည့် အိမ်ထောင်စု (၂၂)စု ရှိပြီး ကောင်ရေ(၁၂၅)ကောင် ရှိပါသည်။ သီတင်းကျွတ်လတွင် နွားအများစုသည် ခွာနာလျှာနာ၊ သရက်ရွက်ကြီးရောဂါများ ဖြစ်ပွားလေ့ရှိပြီး နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု လုပ်ငန်းများဖြစ်သော စက်ချုပ်လုပ်ငန်း၊ မုန့်ဖိုလုပ်ငန်းများ လုပ်ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်းများမှာ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်နှင့် စားသောက်ဆိုင်များသို့ သွားရောက် အလုပ်လုပ်ခြင်း၊ ကျပန်းအလုပ်များ လုပ်ကိုင်ခြင်း၊ ကားမောင်းခြင်း၊ ပန်းတိမ် လုပ်ငန်းများ လုပ်ကိုင်ကြပြီး အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများလည်း ရှိပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတု အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင် ရှိပါသည်။ ကျပန်းလက်လုပ်လက်စားလုပ်ငန်းမှာ စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားသည့်အတွက် ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ ကျေးရွာနှင့် (၁၈)မိုင် ကွာဝေးသော ပခုက္ကူမြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သော ဆံပင်အလှပြင်၊ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်လုပ်ငန်း၊ မိုဘိုင်းဖုန်းပြင်လုပ်ငန်း၊ ကားမောင်းလုပ်ငန်းနှင့် ဝပ်ရှော့လုပ်ငန်း စသည့် အသက်မွေးဝမ်းကျောင်း သင်တန်းများရှိသော်လည်း အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြပါသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် ကိုယ်ပိုင်လုပ်ငန်း ထူထောင်ရန် မတတ်နိုင်ကြပါ။ ရန်ကုန်၊ မန္တလေး၊ ကိုရီးယား၊ မလေးရှား စသည်တို့ရှိ စက်ရုံ၊



CamScanner

အလုပ်ရုံများနှင့် ဟိုတယ်နှင့် စားသောက်ဆိုင်များသို့ သွားရောက်လုပ်ကိုင်ကြသော ကျပန်း အလုပ်သမားများ ရှိပါသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု**

ကျေးရွာတွင် မြေပဲ၊ ဧရပ်စိုက်ခင်းများ၌ အဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာ သုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားလာပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း အမှိုက်များအား အမှိုက်ကျင်းတူး၍ မိမိတို့အိမ်၌သာ စွန့်ပစ်ကြပါသည်။

ကျွန်းမြေများကို အိမ်ထောင်စု(၁၉၁)စုအား မဲစနစ်ဖြင့် ကျွန်းမြေ(၃)ဧကစီ ဝေငှပေးထားသော်လည်း ကမ်းပါးပြိုသဖြင့် (၁၇၀)ဧကသာ ကျန်ရှိပါသည်။ ထိုကိုင်းကျွန်းမြေများပေါ်တွင် ဧရပ်၊ မြေပဲ၊ စီးပွားပြောင်းဖူးများ စိုက်ပျိုးကြပြီး မြေဆီလွှာမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ မိရိုးဖလာစိုက်ပျိုးနည်းအတိုင်း စိုက်ပျိုးကြပါသည်။ နွားစာအသင့်အတင့်ပေါများပြီး လွယ်ကူစွာရရှိသည်ကို တွေ့ရှိရပါသည်။ ဧရာဝတီမြစ်မြောက်ဘက်ခြမ်း မြေနိမ့်ပိုင်းတွင် တည်ရှိသဖြင့် နှစ်စဉ်ရေလွှမ်းမိုးမှု ဒဏ်ကို ခံစားနေရခြင်းသည် သဘာဝဘေးအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ (၄)လသာ ထုတ်ချေးခွင့်ရပြီး ပြား(၇၀) အတိုးပေးရပါသည်။ မြေယာပိုင်ဆိုင်မှု ကေပြ၍ ထုတ်ယူရပါသည်။ အခြား တစ်မြို့တစ်ရွာရှိ ငွေတိုးချေးသူများ ထံမှ (၅)ကျပ်တိုးမှ (၇)ကျပ်တိုးအထိ ချေးငွေများ ချေးယူရပါသည်။

ကျေးရွာသူ/သားအများစုသည် ချေးငွေကို (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင်အကြွေးတင်ရှိမှုအခြေအနေကို လေ့လာခဲ့ရာ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး တစ်နှစ်ပတ်လုံး (၁)သိန်းမှ (၃)သိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

လက်ပံကျွန်းကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းကျောင်းရှိပြီး ကျောင်းဆရာ၊ ဆရာမများ လုံလောက်မှု မရှိပါ။ ကျေးရွာမှ ခန့်သော ဆရာ(၁)ဦး၊ ဆရာမ(၁)ဦး ရှိပါသည်။ အစိုးရခန့် ဆရာ(၂)ဦး၊ ဆရာမ(၅)ဦး ရှိပါသည်။ အလယ်တန်းကျောင်းဆောင်မှာ နှစ်ကာလကြာမြင့်သည့်အတွက် အမိုးအကာများ ပျက်စီးယိုယွင်းနေပါသည်။ အလယ်တန်းကျောင်းဆောင်တွင် စာသင်ခုံလုံလောက်မှု မရှိပါ။ ကျောင်းဝန်း၏ စတုရန်းပေမှာ (၂၅၃၀၀) ပေ ရှိပါသည်။ မူလတန်းကျောင်းဆောင်မှာ အလျား(၁၀၀')၊ အနံ(၃၀')၊ အမြင့်(၁၈') တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အလယ်တန်းကျောင်းဆောင်မှာ အလျား(၇၀')၊ အနံ(၂၄')၊ အမြင့်(၂၀') ရှိသည့် တစ်ထပ်ဆောင်ဖြစ်ပါသည်။ ရွာတွင်း၌ စာသင်ကျောင်းရှိသဖြင့် ကျောင်းသူ/သားများ သွားလာရေး အဆင်ပြေပါသည်။ အထက်တန်းကျောင်းသူ/သားများသည် ကျေးရွာနှင့် (၄)မိုင် ကွာဝေးသော နန်းတော်ရပ်ကျောင်းသို့ သွားရောက်ပညာသင်ကြရပါသည်။ ကျေးရွာနှင့် (၃)မိုင် ကွာဝေးသော ဘဲကြီးကျောင်းသို့လည်း သွားရောက်ပညာသင်ကြားကြပါသည်။ နန်းတော်ရပ်ကျောင်းတက်သော ကျောင်းသား/သူများသည် ဘော်ဒါဆောင်တွင် နေထိုင်ကြပြီး ဘဲကြီးကျေးရွာတွင် သွားရောက်ပညာသင်သော အထက်တန်းကျောင်းသား/သူများသည် စက်ဘီး၊ ခြေလျင်ဖြင့် သွားရောက်၍ ပညာသင်ကြားကြပါသည်။ ကျောင်းဖွင့်ရာသီတွင် မူလတန်းနှင့် အလယ်တန်းကျောင်းသား/သူများအတွက် ပြဋ္ဌာန်းစာအုပ်များ၊ လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးကူညီပေးခဲ့ပါသည်။

လက်ပံကျွန်းကျေးရွာတွင် စာမတတ်သူ(၇)ဦးသာ ရှိပြီး ကျန်ကျေးရွာသူ/သားများမှာ ရေးတတ်၊ ဖတ်တတ်သော ဘုန်းကြီးကျောင်းပညာရေးနှင့် မူလတန်းအဆင့်ရှိသူ ဦးရေ (၄၈၀)ဦး၊ အလယ်တန်းအဆင့်



CamScanner

ရှိသူဦးရေ(၇၆)ဦး၊ အထက်တန်းအဆင့်ရှိသူဦးရေ(၇၂)ဦး၊ တက္ကသိုလ်၊ ကောလိပ်အဆင့်ရှိသူ(၃၃)ဦး ရှိပါသည်။ လက်ရှိပညာသင်ကြားနေသူဦးရေမှာ KG တန်းတွင် တက်ရောက်နေသော ကျောင်းသား/သူ (၁၆)ဦးရှိပြီး မူလတန်းတွင် တက်ရောက်နေသော ကျောင်းသား/သူ (၃၉)ဦး၊ အလယ်တန်းတွင် တက်ရောက်နေသော ကျောင်းသား/သူ (၃၉)ဦး၊ အထက်တန်းတွင် တက်ရောက်နေသော ကျောင်းသား/သူ (၃၅)ဦး၊ တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားနေသော ကျောင်းသား/သူ (၂၂)ဦး ရှိပါသည်။

လက်ပံကျွန်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ဆေးပေးခန်းရှိသော ကူကျွန်းကျေးရွာနှင့် (၁)မိုင် ကွာဝေးပါသည်။ ကျေးလက်ဆေးပေးခန်းတွင် ကုတင်တစ်လုံးရှိပြီး ကျေးရွာနှင့် (၃)မိုင် ကွာဝေးသော ဘဲကြီးကျေးရွာတွင် ကုတင်(၄)လုံး၊ အခန်း(၃)ခန်း ရှိသည်ကို တွေ့ရှိရပါသည်။ တိုက်နယ် ဆေးရုံနှင့် လက်ပံကျွန်းကျေးရွာမှာ (၁၀)မိုင်ကွာဝေးပြီး အခန်း၊ ကုတင်လုံလောက်မှု ရှိပါသည်။ ပခုက္ကူမြို့နယ် ဆေးရုံနှင့် (၁၈)မိုင် ကွာဝေးပြီး အခန်း၊ ကုတင်လုံလောက်မှုရှိပါသည်။ ရွာတွင်း (သို့) ရွာအနီးအနားတွင် ဆေးဆိုင်မရှိပါ။ ရေကြီးရေလျှံဖြစ်သည့်အချိန်နှင့် မိုးရွာသည့်ကာလများတွင် အရေးပေါ်ဖြစ်ပွားလာသော ရောဂါများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးဝန်ဆောင်မှု အလျင်အမြန်ရရှိစေရေး အခြားမြို့ရွာများသို့ သွားလာရာ၌ အခက်အခဲရှိပါသည်။

လက်ငင်ရေတွင်း (၁၀၉) တွင်း ရှိပြီး နွေရာသီတွင် ရေရှားပါးပါသည်။ မြေအောက်ပေ(၉၀)တူးပါက ရေရှားပါးပြတ်လပ်မှု ရှိမည်မဟုတ်ပါ။ မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဝေငှသော သောက်ရေသန့်ဆေးခတ်၍ အသုံးပြုပါသည်။ သောက်သုံးရေမှာ သန့်ရှင်းသော သောက်သုံးရေရရှိသဖြင့် ရေအရည်အသွေးစစ်ဆေးခြင်း မရှိပါ။ တုံကင်တွင်းများသာ အများဆုံး အသုံးပြုကြပါသည်။ ရေကန်ရှိသော အိမ်ထောင်စု (၇၆)အိမ်ထောင်စု ရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများမှာ အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများမှာ တွင်းတူး၍ အသုံးပြုကြပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဖြစ်သောရောဂါဖြစ်ပွားမှုနည်းပါသည်။ သို့သော်ရေကြီးရေလျှံဖြစ်ချိန်တွင် ဝမ်းပျက်ဝမ်းလျှော ရောဂါ၊ အစာအိမ်ရောဂါများ ဖြစ်ပွားပါသည်။ စာသင်ကျောင်းတွင် ယင်လုံအိမ်သာ(၅)လုံး ရှိပြီး အုတ်ဖြင့် တည်ဆောက်ထားပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အနားယူအပန်းဖြေနိုင်မည့် အနေအထား သီးသန့်မရှိပါ။ လူငယ်များ အသိပညာ၊ ဗဟုသုတရရှိရေးအတွက် စာကြည့်တိုက် ရှိပြီး ဗဟုသုတရနိုင်သော စာအုပ်များ နည်းပါးပါသည်။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများ၊ သာရေးနာရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လမ်းကော်မတီ၊ ရေကော်မတီ၊ ပုညသဟာရ လူမှုရေးအသင်း၊ ကျေးရွာဖွံ့ဖြိုးရေးအသင်းနှင့် ဝတ်အသင်း စသည့် အဖွဲ့အစည်းများရှိပါသည်။

**(ဇ) အခြေခံအဆောက်အဦး-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

လက်ပံကျွန်းကျေးရွာတွင် ကွန်ကရစ်တံတားရှိပြီး တည်ဆောက်ခဲ့သော ကာလမှာ (၁)နှစ် ရှိပါသည်။ ကွန်ကရစ်တံတားမှာ အလျား(၁၃၀') အနံ(၃၀') အမြင့် (၁၂')ရှိပါသည်။ ပွင့်လင်းရာသီတွင်သာ အသုံးပြုနိုင်ပါသည်။ ရေကျော် တံတားမှာ အလျား(၄၀') အနံ(၁၃') အမြင့် (၁၂')ရှိပြီး လွှတ်တော်ရန်ပုံငွေနှင့် ကျေးရွာမှ စိုက်ထုတ်ငွေဖြင့် တည်ဆောက်ထားပါသည်။ (၁)နှစ် (၃)ကြိမ် ရေဝင်သည့်အတွက် ရွာတွင်းလမ်းမှာ နှစ်စဉ်နှစ်တိုင်း ပြုပြင်ရပြီး ရွာအဝင်လမ်းမှာလည်း နှစ်စဉ်ပြုပြင်ရပါသည်။ မြေသားလမ်းခင်းထားသည့်အတွက် ကားများ ဝင်ထွက်သွားလာသည့်အခါ ချိုင့်ခွက်များ ဖြစ်၍ ကျန်ခဲ့သောကြောင့် ပြန်လည်ပြုပြင်နေရပါသည်။ ရွာတွင်းလမ်းတည်ဆောက်ခဲ့သောနှစ် (၂)နှစ် ရှိပြီး ပွင့်လင်းရာသီတွင်သာ အသုံးပြုနိုင်ပါသည်။ ရွာတွင်းလမ်း အရှည်မှာ (၂)မိုင် ရှိပါသည်။ ချဉ်းကပ်လမ်းမှာ မြေသားလမ်းဖြစ်ပြီး ရေဝင်၍ ပျက်စီးသဖြင့် (၁)နှစ် (၁)ခါ ပြုပြင်ရပါသည်။ လက်ပံကျွန်းနှင့် ရေလဲဇီးတော ကျေးရွာချင်းဆက်လမ်းနှင့် လက်ပံကျွန်း-ဇလုပ်ကျေးရွာချင်းဆက်လမ်းမှာ အရည်အသွေးညံ့ပါသည်။ ကျေးရွာကိုယ်ထူကိုယ်ထဖြင့်ဆောက်လုပ်ထားသည့်လမ်းဖြစ်ပါသည်။ ရွာချင်းဆက်လမ်းသက်တမ်းမှာ (၂)နှစ်ရှိပြီး (၁)မိုင် ရှည်လျား၍ ပွင့်လင်းရာသီ၌သာ အသုံးပြုရပါသည်။

မဟာဓါတ်အားလိုင်းမှာ ငွေကြေးမတတ်နိုင်သဖြင့် လုပ်ဆောင်နိုင်ခြင်း မရှိပါ။ ဆိုလာစနစ်ကိုသာ အသုံးများပြီး ဆိုလာဘတ္တရီများ ပျက်စီးမှုများပါသည်။

ဈေးကွက်ဆိုင်ရာ အသိအမြင်များနှင့် မိုးလေဝသခန့်မှန်းချက်များနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု အခြေအနေများကို ရေဒီယိုမှတစ်ဆင့် စောင့်ကြည့်နားထောင်ကြပါသည်။ လက်ပံကျွန်းကျေးရွာနှင့် (၂)မိုင် ကွာဝေးသော ငကျော်ကျေးရွာတွင် တယ်လီဖုန်းတာဝါတိုင် (၂)တိုင် ရှိပါသည်။ ရွာနှင့် (၃)မိုင် ကွာဝေးသော ဘဲကြီးကျေးရွာတွင်တယ်လီဖုန်းတာဝါတိုင်(၁)တိုင်ရှိပါသည်။ အင်တာနက်လိုင်းများပါအသုံးပြုနေကြပါသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

လက်ပံကျွန်းကျေးရွာတွင် မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် သက်ဆိုင်ရာဌာနများမှ ဝန်ဆောင်မှုပေးပြီး ကျေးရွာနှင့် (၁ဝ)မိုင် ကွာဝေးသော မြစ်ခြေကျေးရွာတွင် ရဲစခန်းရှိပါသည်။ ရွာသားများ သည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးစနစ်ကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များ အတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက် ဆောင်ရွက်သူ မရှိသလောက်ပင်ဖြစ်ပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ လက်ပံကျွန်းကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အကြမ်းဖက်မှုများ မရှိပါ။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ**

ကျေးရွာတွင်ဆိုလာစနစ်ကိုအသုံးပြုကြသည့်အတွက် ရုပ်မြင်သံကြားမှသတင်းများနားထောင်နိုင်ခြင်း၊ တယ်လီဖုန်းများ အသုံးပြုနိုင်ရေးအတွက် အဆင်ပြေခြင်း၊ စာကြည့်တိုက်ရှိခြင်း၊ ပညာရေးကို အလေးထား ဆောင်ရွက်ခြင်း၊ လူငယ်များ လူမှုရေးအသင်းနှင့် ဘာသာရေးအသင်းများတွင် တက်ကြွစွာ ဆောင်ရွက်ခြင်းတို့ သည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုပါသည်။

ပညာတတ်လူငယ်များရှိပြီး လူဦးရေအားလုံး၏ (၇၈%)သည် အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြ ပါသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး အသက်မွေးဝမ်းကျောင်းသင်တန်းများအား လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေနိုင်ပါသည်။ ကျေးရွာလူထု ၏ ကျန်းမာရေးအခြေအနေမှာ ယေဘူယျအားဖြင့် ကောင်းမွန်ကြပါသည်။ အရေးပေါ်အခြေအနေများနှင့် စိုးရိမ်ရသော ဆေးဝါးကုသမှုများအတွက် လက်ပံကျွန်းကျေးရွာနှင့် (၁ဝ)မိုင် ကွာဝေးသော ကမ္မ တိုက်နယ် ဆေးရုံနှင့် (၁၈)မိုင် ကွာဝေးသော ပခုက္ကူမြို့နယ် ဆေးရုံများသို့ သွားရောက်ကုသကြပါသည်။

သဘာဝအရင်းအမြစ်များတွင် ရေဝင်မြေဖြစ်သည့်အတွက် ကိုင်း၊ ကျွန်းမြေများကို အဓိကထားစိုက်ပျိုး ရပြီး မြေဆီလွှာ အသင့်အတင့်ကောင်းမွန်မှု ရှိပါသည်။ ရေဝင်မြေဖြစ်သည့်အတွက် ရေပ်၊ မြေပဲ၊ ပြောင်းဖူးများ စိုက်ပျိုးရာတွင် အဆင်ပြေပါသည်။ ပွင့်လင်းရာသီများတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ ရောင်းချနိုင်ပါသည်။

ကျေးရွာမှ ထွက်ရှိသော စိုက်ပျိုးသီးနှံများကို ရေဒီယိုမှ ထုတ်ပြန်ကြေငြာသော သီးနှံဈေးနှုန်းများကို စောင့်ကြည့်နားထောင်၍ ကျေးရွာနှင့် (၁၈)မိုင် ကွာဝေးသော ပခုက္ကူမြို့ ဈေးကွက်သို့ သွားရောက်ရောင်းချ ကြပါသည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းများ မရှိသလောက်နည်းပါးပြီး တည်ငြိမ်အေးချမ်းမှု ရှိပါသည်။ အင်တာနက်အသုံးပြုမှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ပါသည်။



CamScanner

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ မြစ်ရေဝင်သဖြင့် ကိုင်း၊ ကျွန်းမြေများ ဖြစ်ပေါ်လာသည့် အခြေအနေများ ရှိသကဲ့သို့ တစ်ခါတစ်ရံ တွင် ကိုင်း၊ ကျွန်းမြေများ အနည်းငယ်သာ ဖြစ်ပေါ်လာပါသည်။ ကျေးရွာတွင် မြစ်ရေတိုက်စား ကမ်းပါးပြိုကျ ခြင်းတို့ကြောင့် စိုက်ပျိုးမြေများ ပျက်စီးသည့် ပြဿနာများ ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။ ကျေးရွာတွင် မြေဆီလွှာကောင်းမွန်မှု အသင့်အတင့်ရှိပြီး ပြောင်းဖူးမျိုးစေ့သာ ကောင်းသော်လည်း မြေပဲ၊ ငရုပ်မျိုးစေ့ များတွင် မျိုးကောင်းမျိုးသန့် မရရှိပါ။ နေပူမရှောင် မိုးရွာမရှောင် လုပ်ရခြင်းကြောင့် တုပ်ကွေး၊ ဖျားနာ၊ ခေါင်းကိုက်၊ နှာစေး၊ ချောင်းဆိုး၊ သွေးတိုး၊ အဆုတ်ရောဂါများ ဖြစ်ပွားတတ်ကြပါသည်။ မြစ်ရေတိုက်စား ကမ်းပါးပြိုကျခြင်းကြောင့် စိုက်ပျိုးမြေများ ပျက်စီးသဖြင့် ကျေးရွာသူ/သားများမှာ တစ်နယ်တစ်ကျေးသို့ သွားရောက်ပြီး လုပ်ကိုင်ရှာဖွေ စားသောက်ကြရ ပါသည်။ ကျေးရွာတွင် ကျပန်းလုပ်သားများ များပြားသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိမှုများ မရှိပါ။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ် လုပ်ငန်းအတွက် ကုန်ကြမ်းနှင့် အသိပညာ အထိအတွေ့တို့မှာ အားနည်းမှု ရှိပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် (၅)နှစ်တာ ကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) ကျေးရွာအဝင် လမ်းခင်းပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှု အဆင့်အတန်း မြင့်မားလာပြီး သယ်ယူပို့ဆောင်ရေးနှင့် သွားရေးလာရေး အဆင်ပြေလွယ်ကူချောမွေ့ စေရမည်။

(၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာရှိကလေးငယ်များ၏ စာတတ်မြောက်မှုနှုန်းနှင့် ပညာရည် မြင့်မားလာစေရမည်။

(၃) စိုက်ပျိုးရေးဆိုင်ရာ မျိုးကောင်းမျိုးသန့်၊ မြေပဲ၊ ငရုပ် ရရှိခြင်းဖြင့် တောင်သူလုပ်ငန်းများ တိုးတက်မြင့်မားလာစေရမည်။

(၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်းဖြင့် အရေးပေါ် ဖြစ်ပွားလာသော ရောဂါများ နှင့် ကိုယ်ဝန်ဆောင် မိခင်များအတွက် ကျန်းမာရေး ဝန်ဆောင်မှု များ ရရှိစေရမည်။

(၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာကြည့်တိုက်တွင် စာအုပ်များ ထားခြင်းဖြင့် ကျေးရွာလူငယ် များ၏ ဗဟုသုတများ၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဆောင်ရည် မြင့်မားလာ စေရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားမည်-

(၁) ကျေးရွာတွင် ကျေးရွာလူထု၏ လုပ်အားနှင့် ငွေကြေးထည့်ဝင်မှုများ၊ ကျေးရွာတွင် ဦးစီးဦးဆောင် ပြုနိုင်မည့်သူများ၊ ကျေးရွာလူထုနှင့် ကျေးလက် ဦးစီးဌာနတို့ ပူးပေါင်း ချိတ်ဆက်ခြင်းဖြင့် လက်ပံကျွန်းကျေးရွာ အဝင်လမ်းအား ကွန်ကရစ်လမ်းခင်းနိုင်ရေး ဆောင်ရွက်သွားမည်။

(၂) ကျေးရွာရှိ ကလေးငယ်များ၏ စာတတ်မြောက်မှုနှုန်းနှင့် ပညာရည်တိုးတက်စေရေးအတွက် ကျေးရွာမှ ကျောင်းဆရာ(၁)ဦး၊ ဆရာမ(၂)ဦး ငှားထားခြင်း၊ ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဝန်ထမ်းများ ရရှိနိုင်ရေး ဆောင်ရွက်သွားမည်။

(၃) မြေပဲ၊ ငရုပ် မျိုးကောင်းမျိုးသန့် မရရှိခြင်းတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနများနှင့် ချိတ်ဆက် ခြင်း၊ တောင်သူပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက် ခြင်း တို့ ဆောင်ရွက်သွားမည်။

(၄) ကိုယ်ဝန်ဆောင်မိခင်များ မွေးဖွားရန်နှင့် ကျန်းမာရေး အခြေအနေ ကုသနိုင်ရေးအတွက်



CS CamScanner

ကျေးလက်ဆေးပေးခန်းတည်ဆောက်နိုင်ရေး ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၅) ယင်လုံအိမ်သာသုံးစွဲရန် ပညာပေးခြင်း၊ မတတ်နိုင်သူများအား ပံ့ပိုးပေးရန်အတွက် ကျေးရွာနှင့် ကျန်းမာရေးဦးစီးဌာနတို့ ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၆) ကျေးရွာအဂင်လမ်းဆောက်လုပ်ပြီး ကျေးရွာ၏အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာ အဆောက်အအုံများ အသုံးပြုစီမံခန့်ခွဲမှု၊ ထိန်းသိမ်းရေးတို့အတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ / သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါသည်။

### (ခ) လက်ပံကျွန်းကျေးရွာအဝင်လမ်းအား ကွန်ကရစ်လမ်းခင်းနိုင်ရေး

ကျေးရွာတွင် မြစ်ရေကြီးခြင်းနှင့် မြစ်ရေတိုက်စားမှုဒဏ်ကို နှစ်စဉ်နှစ်တိုင်းရင်ဆိုင်ကြုံတွေ့နေရသဖြင့် ကျေးရွာတွင်ခင်းထားသော မြေသားလမ်းမှာနှစ်စဉ်နှစ်တိုင်း ပြုပြင်နေရပါသည်။ ထိုသို့ ပြုပြင်နေရသည့်အတွက် ကွန်ကရစ်လမ်းခင်းပါက ပို၍အဆင်ပြေမည်ဖြစ်ပါသည်။ ကွန်ကရစ်လမ်းခင်းရန် ကျေးရွာလူထုမှ လုပ်အားနှင့် ငွေကြေးတက်နိုင်သလောက် ထည့်ဝင်နိုင်မှုရှိခြင်း၊ ကျေးရွာမှ လမ်းခင်းရန်အတွက် အလွန်ဆန္ဒပြင်းပြနေခြင်း၊ ကျေးရွာသူ/ သားများ စည်းလုံးညီညွတ်မှုရှိခြင်း၊ ဦးစီးဦးဆောင်ပြုနိုင်မည့်သူများရှိခြင်း စသည့်အခြေအနေကောင်းများ ရှိသဖြင့် ကျေးရွာလူထုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းချိတ်ဆက်ခြင်းများ ဆောင်ရွက်သွားပါမည်။

### (ဂ) ၂၀၁၈-၂၀၁၉ ခုပညာသင်နှစ်တွင် ကျောင်းဆရာ / ဆရာမရရှိရန် ဆောင်ရွက်ခြင်း

ကျေးရွာတွင် မူလတန်းကျောင်းနှင့်အလယ်တန်းကျောင်းရှိသော်လည်း အစိုးရခန့်ဆရာမ(၅)ဦး၊ ဆရာ(၂)ဦးသာရှိသောကြောင့် ကျေးရွာမှဆရာ(၁)ဦး၊ ဆရာမ(၂)ဦး ငှားထားရပါသည်။ ကျေးရွာတွင် ကျောင်းသားအချိုးနှင့် ဆရာ/ ဆရာမ အချိုးညီမျှမှုမရှိပါ။ အကြောင်းမှာဆရာ/ဆရာမများ အခြားဒေသများသို့ ပြောင်းရွှေ့သွားပြီး အစားထိုးဝင်ရောက်မှုမရှိခြင်းကြောင့် ဖြစ်ပါသည်။ ထိုအခက်အခဲကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းဆရာ/ဆရာမများ ရရှိနိုင်ရေးအတွက် ကျေးရွာလူထုအကူအညီဖြင့် ငွေကြေးရယူခြင်း၊ ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းသွားမည်ဖြစ်ပါသည်။

### (ဃ) စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက်ရန်နှင့် တောင်သူပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း

ကျေးရွာတွင် မြေပဲ၊ ရုပ်၊ စီပီပြောင်းဖူး၊ ဆေးရွက်ကြီးပင်များ စိုက်ပျိုးကြသော်လည်း ပြောင်းဖူးတစ်မျိုးသာ မျိုးကောင်းမျိုးသန့်ရရှိပါသည်။ သီးနှံအထွက်နှုန်းနည်းခြင်း၊ ဈေးကောင်းမရရှိခြင်း၊ ငွေကြေး

မတတ်နိုင်ခြင်း၊ ရေတိုက်စားခြင်းနှင့် ကမ်းပါးပြိုခြင်း၊ အဖျက်ပိုးအန္တရာယ်ကျရောက်ခြင်း၊ အရည်အသွေးမြင့် ပိုးသတ်ဆေးများမရရှိခြင်း၊ ဈေးကောင်းပေးဝယ်ယူရခြင်းစသည်တို့ကို ရင်ဆိုင်ကြုံတွေ့ နေရပါသည်။ထို့အပြင် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှုမရှိခြင်း၊ ရှေးရိုးစွဲအတိုင်းစိုက်ပျိုးနေခြင်း၊ နည်းပညာ အားနည်းခြင်း စသည့် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ နည်းပညာပံ့ပိုးမှုများအပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာ အသစ် ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးဆောင်ပြုသင့်ပါသည်။

### (င) အိမ်တွင်းမှုသင်တန်းကျောင်းနှင့် ဆက်သွယ်ဆောင်ရွက်ရန်

ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်လိုသည့် ကျေးရွာသူ/ကျေးရွာသားများရှိ သော်လည်း ငွေကြေးပေး၍ဆရာငှားရန်မတတ်နိုင်ပါ။ အိမ်တွင်းမှုသင်တန်းကျောင်းမှ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ပါသည်။

### (စ) ကျေးလက်ဆေးပေးခန်း တည်ဆောက်နိုင်ရေးဆောင်ရွက်ခြင်း

ကျေးရွာတွင် ကိုယ်ဝန်ဆောင်မိခင်များ မွေးဖွားရာ၌လည်းကောင်း၊ အရေးပေါ်ကျန်းမာရေးအခြေအနေ ပေါ်ပေါက်လာသည့်အခါ၌လည်းကောင်း၊ မွေးဖွားရန်နှင့် ကုသရန်အတွက် မြို့သို့သွားရာတွင် လမ်းပန်း ဆက်သွယ်ရေးမကောင်းခြင်း၊ အရပ်လက်သည်နှင့် အရံသားဖွားဆရာမသာ ရှိခြင်းကြောင့် မွေးဖွားရန်နှင့် ဆေးကုသပေးရန် အခက်အခဲရှိပါသည်။ အရေးပေါ်ကျန်းမာရေးအခြေအနေများနှင့် ကိုယ်ဝန်ဆောင်မိခင်များ သားဖွားမှုလွယ်ကူစေရန် ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်ပေးသင့်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များ အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုအဖြစ် သဘောထား နားလည်စေနိုင်မည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် (၅) နှစ်တာစီမံချက်ကာလ အတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်ထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက (၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုရသည့် ကာလကဖော်ထုတ်ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံနိုင်မှုမရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည်(၂)နှစ် (၃)နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာကာလတစ်လျှောက် လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသော ကြောင့် ရေးဆွဲထားသည့်(၅)နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက် များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

